# ပြည်ထောင်စုသမ္မတနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## ( ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန )

## ဖျာပုံခရိုင်

## ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

ပျဉ်းမကုန်းကျေးရွာအုပ်စု၊ ပျဉ်းမကုန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ( VDP )

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပျဉ်းမကုန်းကျေးရွာအုပ်စု၊ပျဉ်းမကုန်းကျေးရွာ၊ ဘိုကလေးမြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ (      ) ရက်

# မာတိကာ

မှ - ထိ

| | |
|---|---|
| မာတိကာ | ၁ |
| အတိုကောက်စကားလုံးများ | ၅ |
| စကားချီး | ၆-၇ |
| ပျဉ်းမကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဘိုကလေးမြို့နယ် | ၈-၉ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ နှင့် အစီအစဉ်** | ၁၀-၁၁ |
| (၁) နိဒါန်း - ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၀-၁၁ |
| (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက် | |
| (ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု | |
| (၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၂ |
| (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား | |
| (ခ) သဘာဝအရင်းအမြစ်များ | |
| (၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ | ၁၂-၁၅ |
| (က) လူဦးရေဆိုင်ရာ အချက်လက်များ | |
| (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု | |
| (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု | |
| (ဃ) ကျန်းမာရေးနှင့် အာဟာရ | |
| (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| (စ) ကျားမဆိုင်ရာဆက်နွယ်မှု | |
| (၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ | ၁၅-၁၉ |
| (က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ် | |
| (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ | |
| (ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | |
| (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | |
| (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | |
| (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | |
| (ဆ) လူငယ်နှင့် ယဉ်ကျေးမှု | |
| (ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး | |
| (ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး | |
| (၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | ၁၉-၂၀ |
| (က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ | |
| (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ | |
| (၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ | ၂၀-၂၂ |

(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များ နှင့် ဗဟိုအဆင့် မူဝါဒများ အကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ ၂၂-၂၄
(၈) ဦးစားပေးစီမံချက်များနှင့်င့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ ၂၄-၂၇
(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်
(ခ) ကဏ္ဍ နှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေး စီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈-၂၉
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ ၂၉-၃၁
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာ နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ
(၁၁) စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း ၃၁-၃၃
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ** ၃၃-၇၄

(၁) လူမှုစီးပွားရေး အခြေအနေ
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ
ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ
ဇယား ၇ ကူညီ စောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၈ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား ၉ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ
ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု
ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေး နှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ အတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည် နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမှီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမှီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင် နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိ အလေ့အကျင့် နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျှော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်း နှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲ နှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့ နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေရရှိမှု
ဇယား ၃၄ သန့်ရှင်းရေးအခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှုအခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေး နှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမှီမှု
ဇယား ၄၂ မူခင်းဖြစ်ပွားမှု အခြေအနေ

**နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ** ၇၄-၇၆
ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

ဇယား၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)** ၇၇-၈၁

ဇယား ၄၅

**ကိုးကားစာရင်း** ၈၂

အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇/၁၈ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့်

စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင် ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆ ောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်း ကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက် အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါ သည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်း ဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများက ဆန်းစစ်သုံးသပ်ရန် နှင့် အကဲဖြတ်ရန်



အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း

အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ဖေဖော်ဝါရီလ၊ ၂၀၁၈

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ပျဉ်းမကုန်းကျေးရွာအုပ်စု၊ပျဉ်းမကုန်းကျေးရွာ
ဘိုကလေးမြို့နယ်



**ဘိုကလေးမြို့နယ်၊ ပျဉ်းမကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊**



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏
ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင်
ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။
ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင်ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီးကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်ဗျူဟာမြောက်ဆောင်ရွက်လ ာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့်အဖွဲ့အစည်းများအနေ ဖြင့်ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီးကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကိုအခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကိုလူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကိုတိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့

အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံကိန်းများကိုဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် ဘိုကလေးမြို့နယ်၊ ဝါးရခိုင်မြစ်နှင့် စိန်ဟိုင်းကျေးရွာနှင့်ပန်းပဲစုကျေးရွာကြားတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဘိုကလေးမြို့နှင့် ဆက်သွယ်သွားလာရ လွယ်ကူသည်။ ကျေးရွာသည် မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ဒေသ၏တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှ ၄၅ ရှိပါသည်။ ကျေးရွာမြေပြင်အနေအထားမှာ မြေပြန့်ဖြစ်သည်။ လယ်ယာမြေများသည် မိုးစပါး၊နွေစပါးစိုက်ပျိုးရေးကို အဓိက အားထားရာဖြစ်သည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် ဝါးရခိုင်မြစ်ဘေးတွင်ရှိသဖြင့်စိုက်ပျိုးမြေများအတွက် မြစ်ရေကို လွယ်ကူစွာရရှိအသုံးပြုနိုင်ကြကာ စိုက်ပျိုးရေးအတွက်အကျိုးဖြစ်ထွန်းသည်။ ကျေးရွာတွင်လယ်ယာမြေ အသင့်အတင့်ရှိကြပြီး မြေဆီအသင့်အတင့် ကောင်းမွန်သည်။ စိုက်ပျိုးဧက ( ၁၂၀၀ )ခန့်ရှိပြီး မိုးစပါးနှင့် နွေစပါးများကို အဓိကစိုက်ပျိုးသည်။ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများ မထွက်ရှိပါ။ နွားစာအတွက်မြက်များကို လယ်ကန်သင်းများတွင်သာ အလွယ်တကူရရှိနိုင်သည်။ စားကျက်မြေသီးသန့်မရှိတော့ပါ။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က)လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၇၇)စုနှင့်ကျား(၃၆၆)၊ မ(၃၅၈)ဦးဖြင့် လူဦးရေပေါင်း(၇၂၄)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၈၅)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ ဦးထက် လျော့နည်းသည်။ ကျေးရွာတွင် ဗမာလူမျိုးများနေထိုင်ကြပြီး အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၇၀% ရှိပြီး အမျိုးသမီးမှာ အမျိုးသားအရေအတွက်ထက် ၄%ပိုများသဖြင့် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များကို ဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး

ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

## (ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်သည်။ ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ ၂၅%သည် ဆင်းရဲနှင့် အလွန်အိမ်ထောင်စုအဆင့်အဖြစ် ခံယူကြပြီး ၁၅%သည် ချမ်းသာသည့်အဆင့်၊ ၆၀% သည် အလယ်အလတ်အဆင့်ရှိကြသည်ဟု သတ်မှတ်ကြသည်။ ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လှမ်းမှီမှု၊ လယ်ယာသုံးစက်ကရိယာများ ပိုင်ဆိုင်မှုနှင့် ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာ့စီးပွါးရေးအနေအထားမှာ အသင့်အတင့် ကောင်းသည်ဟု ပြောနိုင်သည်။ ချမ်းသာသောလယ်သမားအိမ်ထောင်စုများအပြင် အခြား လယ်သမား အိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ ဆန်ကြိတ်စက်စသော အသေးစား အိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်မျှပိုင်သော လယ်သမားများ၊ လက်လုပ် လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် (၁၀%)ထိရှိကာ ဆင်းရဲ၊ အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံတစ်ပုံခန့်ရှိသော်လည်း ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး လက်လီဈေးရောင်း၊ ခေါင်းရွက် ဗျပ်ထိုးလုပ်ငန်းများ၊ ဆန်ကြိတ်စက်လုပ်ငန်း စသည်တို့တွင်လည်း လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများ၏ ၃၀%ဖြစ်သော (၄၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏ ၃၄%မှာ သူတပါးထံမှ မချေးမငှါးပဲ သုံးလခန့်နှင့်၆၆%ခန့်မှာ ၃ လမှ ၅ လခန့် သူတပါးထံမှ ချေးငှါးစရာမလိုပဲ နပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သောအိမ်ထောင်စုအားလုံးသည် အကြွေးငွေ ၁၀၀,၀၀၀/- ကျပ်မှ ၄၀၀,၀၀၀/- ကျပ်ထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်းများနှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်များမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန် အတွက်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက် ဒုတိယအနေအထားတွင် သုံးစွဲကြသည်။

ကျေးရွာတွင် ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို တို့ဖြစ်ကြသည်။ ထိခိုက်သက်ရောက်မှုအမျိုးအစားတွင်



သစ်တောပြုန်းတီးမှုကိုသာ အသင့်အတင့်အနေအထားတွေ့ရပြီး ကျန်အမျိုးအစားများကို နိမ့်သည့် အနေအထားများတွင်သာတွေ့ရသည်။ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများအတွက်အုပ်စု အလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနိမ့်ကြောင်းတွေ့ရသည်။

**(ဃ) ကျန်းမာရေးနှင့် အာဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြသည်။ မူလတန်းကျောင်းတွင် ကျောင်းသူ/သားများကိုလည်း အပတ်စဉ်ခန့် အာဟာရတိုက်ကျွေးမှုများရှိပြီး အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာမှ ၄ မိုင်ခန့်အကွာရှိ စိန်ဟိုင်း ကျေးလက်ဆေးပေးခန်းနှင့် တိုက်နယ်ဆေးရုံတို့တွင် ရရှိနိုင်ကြပြီး ၇ မိုင်ခန့်ကွာဝေးပြီး ရေလမ်းဖြင့် အလွယ်တကူ သွားလာ နိုင်သော မြို့နယ်ဆေးရုံ၊ ဆေးဆိုင်များနှင့်လည်း လက်လှမ်းမီသည်။ ကျေးရွာတွင် ကျေးရွာသောက်သုံးရေကိုရေကန်မှ အလွယ်တကူ လုံလောက်စွာရနိုင်ကြပြီး ဝမ်းပျက် ဝမ်းလျှော၊ တိုက်ဖွိုက်၊ အစာအိမ်ရောင်စသောရောဂါဖြစ်ပွါးမှုများ နည်းပါး ကြောင်းတွေ့ ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ပညာရေးအဆင့်အတန်းသည် လမ်းအခက်အခဲ မြင့်မားကြောင်းတွေ့ရှိရပါသည်။ ရွာသား အများစုသည်အခြေခံအရေး၊ အဖတ်၊ အတွက်တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက်မှာ အသင့်အတင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိမူလတန်းကျောင်းနှင့် အလယ်တန်း၊ အထက်တန်းကျောင်းပညာတို့အတွက် ကျိုက်လတ်မြို့နယ်၊ အောက်လှည်းဆိပ် ကျေးရွာနှင့်ဘိုကလေးမြို့တို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်၊၊သို့သော် သက်မွေးဝမ်းကျောင်း လုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှု အခြေခံသည့် အလုပ်အကိုင် အခွင့်အလမ်းများသည်လည်း နည်းပါးဆဲဖြစ်သည်၊၊

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျားမဆိုင်ရာဆက်နွယ်မှုအနေအထားမှာ လွတ်လပ်တက်ကြွမှုရှိသည်။ ကျားမဆိုင်ရာ တာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ် ထားကြသည်၊၊ ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြား ဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့်

အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့် ဆိုင်သောကိန်းဂဏန်းများတွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းများရှိကျား၊ မ အရေ



အတွက်မှာ အလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသမီးများအတွက် ပညာသင်ယူရေး ဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက် လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အား စိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အား လျော့နည်းပြီး ရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန် လျော့နည်းလျက်ရှိသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်မူ အမျိုးသမီးပါဝင်မှု အသင့် အတင့်ရှိကြသည်။ ကျားမတန်းတူညီမျှမှုနှင့်ပါတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင် ဆောင်ရွက်ပေးခြင်းဖြင့် ကျားမတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမို အထောက်အပံ့ ဖြစ်လာ နိုင်ပါသည်။

## ၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း (၁)ဖွဲ့၊ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ (၁)ဖွဲ့နှင့် စီးပွါးရေးဆိုင်ရာ (၂)ဖွဲ့တို့ရှိသည်။ ယင်းအဖွဲ့များအနက် မြို့နယ်မှဖွဲ့စည်းပေးသော လူမှုရေး ဆိုင်ရာ အဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးဆိုင်ရာသင်တန်းများ တက်ရောက်ခြင်း၊ ပြန်လည်ဆွေးနွေးမျှဝေခြင်းတို့ဖြင့် လုပ်ရှားဆောင်ရွက်မှုများရှိလာသည်။ လူမှုရေးအဖွဲ့တွင်မူ ကျေးရွာ၏လူမှုရေး၊ သာရေးနာရေးကိစ္စများအတွက် ဈေးဝယ်ခြမ်းရေး၊ ချက်ပြုတ်ရေး၊ ကျွေးမွေးရေးစသော လုပ်ငန်းအမျိုးအစားအလိုက် တာဝန်ခွဲဝေဆောင်ရွက်မှုများကောင်းသည်။ အနိူင်းမဲ့ပဂုဟိတအသင်းကိုလည်း ကျေးရွာမှလူကြီးအချို့ဦးဆောင်ပြီး လူငယ်လူရွယ်များ ပါဝင်ဖွဲ့စည်းထားကာ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိကြသည်။

ကျေးရွာတွင် စီးပွါးရေးအခြေခံအသင်းအဖွဲ့များအဖြစ် ကျေးရွာစိုက်ပျိုးရေးနှင့် မွေးမြူရေး မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်၊ ပုဂ္ဂလိကငွေချေးလုပ်ငန်း ရှိကြပြီး ကျေးရွာသား အများစုမှာ ကျေးရွာတွင်းအသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြသည်။ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပါတ်သက်၍ ယေဘုယျအားဖြင့် အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

### (ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် စပါးနှင့်နှမ်းကို အဓိကထား စိုက်ပျိုးကြပြီး တချို့အိမ်ထောင်စုများမှာ ငှက်ပျောစိုက်ခင်းများရှိသည်။ မိုးစပါးစိုက်ဧက (၁၂၀၀)ရှိပြီး သီးထပ်အဖြစ် နွေစပါးကို စိုက်ပျိုးကြသည်။ မိုးစပါးတစ်ဧကပျမ်းမျှအထွက်မှာ(၄၀)တင်း၊ နွေစပါးတစ်ဧကပျမ်းမျှအထွက်(၁၀၀)တင်း နှမ်း နှင့် ငှက်ပျောများလည် ထွက်ရှိကြသည်။ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ

၁၄

ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်း ကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများ ပေးကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ကမကထပြုပြီး မျိုးစပါးစိုက်ပျိုး ထုတ်လုပ်ရေး ဆောင်ရွက်ခြင်းများရှိသည်။ တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမား မလုံလောက်မှု ပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ်သမားများကို ငှါးရမ်း ရရှိနိုင်ကြကာ ကုန်ကျစရိတ်မြင့်မားရသည်။ သီးနှံစိုက်ခင်းများတွင် ယခုနှစ်များတွင် ဖျက်ပိုး ကျရောက်မှုကို ပိုမိုတွေ့ရပြီး ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်နှင့် ဆေးဝါးတို့အတွက် စိုက်ပျိုးရေးဦးစီးဌာနမှ လိုအပ်သလို ကူညီဆောင်ရွက်ပေးမှုများရှိသည်။

ကျေးရွာတွင် လယ်ထွန်စက်အပိုင်မရှိသည့် တောင်သူများသည် ငှါးရမ်းထွန်ယက်ကြရာတွင် တစ်ဧက ကာလပေါက်ဈေး ၂၀၀၀၀/-ကျပ်ဝန်းကျင် ပေးငှါးရကာ ငှါးရမ်းခဈေးနှုန်းကြီးမြင့်မှုကို ရင်ဆိုင်ရသည်။ ထို့ကြောင့် ငှါးရမ်းခဈေးနှုန်းသက်သာစွာ ရရှိငှါးရမ်းနိုင်ရေးအတွက် လိုလား နေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုမှာ တစ်ရွာလုံး၏၂၀% ဝန်းကျင်သာရှိပြီးဒေသမှ ဝက်မျိုးများကို တစ်အိမ်လျှင် ၁ ကောင်၊ ၂ ကောင်မျှသာမွေးမြူကြသည်။ ဒေသကြက်မွေး သည့် အိမ်ထောင်စုလည်း တစ်ရွာလုံး၏ ၅၀%ခန့်သာရှိပြီး တနိုင်တပိုင်မွေးမြူရေး လုပ်ငန်းများ နည်းပါး သည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော တိရစ္ဆာန်ရောဂါများ ရုံဖန်ရံခါ ကျရောက်တတ်သည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟာန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်းတည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန် ဈေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။ ကျေးရွာတွင် မွေးမြူရန် ရေမြေနေရာအဆင်မပြေသောကြောင့် ငါးမွေးမြူရေး လုပ်ငန်းများ မရှိပါ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အခြားဝင်ငွေရလုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်း၊ ခေါင်းရွက်ဗျပ်ထိုး၊ အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။ အခြားလုပ်ငန်း အများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှု အနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ ပန်းရံ၊ လက်သမားများ၏ ဆရာအဆင့်လုပ်အားခမှာ တစ်နေ့ ၁၀,၀၀၀/- ကျပ် ရနိုင်ကြသည်။ ကျေးရွာတွင် မိုးစပါးနှင့် နွေစပါးများကို အဓိက စိုက်ပျိုးကြပြီး ကျေးရွာမှ အလုပ်သမားများ အတွက် အလုပ်အကိုင် အသင့်အတင့်ရရှိကြသည်။ မိုးစပါးနှင့် နွေစပါးရိတ်သိမ်းချိန်များတွင် လုပ်အားခကို ဧကအလိုက်သတ်မှတ်ကြပြီး စပါး ၁

ဧကရိတ်သိမ်းခ၃၂,၀၀၀/- မှ ၄၀,၀၀၀/-ကျပ်အထိ၊ နွေစပါး ၁ ဧက ရိတ်သိမ်းခ၄၀,၀၀၀/- မှ ၅၀,၀၀၀/-ကျပ်အထိ ရကြသည်။ တစ်နှစ်အတွင်း ရိတ်သိမ်းရသည့် အလုပ်လုပ်ရက်ပေါင်းမှ (၃၀ မှ ၄၀)ခန့်ရှိတတ်သည်။ လုပ်အားခရရှိမှုမှာ ကျားနှင့် မအတွက် မတူညီနိုင်ပဲ ကျားလုပ်အားခက အမြဲတမ်းလိုလို ပိုနေတတ်သည်။ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေများပြားပြီး လူ့အရင်းအမြစ် အလားအလာကောင်း တစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို



ဝန်ဆောင်မှုပေးနိုင်သော လုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊ မိုဘိုင်းဖုန်းပြင်၊ စသည်တို့သည် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအများစုသည် အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံး ပညာအရည်အချင်း ပိုင်း တွင် လည်း အနည်းငယ်နိမ့်ကျကြပြီးကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်ရရှိမှု အားနည်းသည်။

**(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် မိုးစပါး၊ နွေစပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓါတုမြေသြဇာသုံးစွဲမှုများပြားသဖြင့်မြေဆီလွှာအရည်အသွေး ကျဆင်း လာနိုင် သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလစတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပါတ်ဝန်းကျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေမြင့်သောအပိုင်းတွင်တည်ရှိ၍ ရေကြီးရေလွှမ်းခြင်းမှ ကင်းဝေးသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ်တို့နည်းပါးသည်။ အားပျော့သောမုန်တိုင်းဝင်ရောက်မှုသာ တခါတရံ ကြုံတွေ့ရတတ်သည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသော ချေးငွေကို တစ်လအတိုးနှုန်း ၇၀ ပြားတိုး၊ တစ်ဧက တစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံး ဆယ်ဧကအတွက် ချေးယူနိုင်ကြသည်။ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များတွင် ချေးငွေကို (၁၂)လအထိ ချေးယူနိုင်ပြီး ဝိုင်းကြီးချုပ်စနစ်ဖြင့် ချေးငွေပြန်လည်ပေးဆပ်ရေးဆိုင်ရာစည်းကမ်းပိုင်းတွင် တင်းကျပ်ထားသည်။ ကျေးရွာသားများ အထူးသဖြင့် လက်လုပ်လက်စားများကို ထုတ်ချေးသည်။ လက်ရှိတွင် ငွေချေးသူ ၉၀ ဦးရှိပြီး တစ်ဦးလျှင် ၂၅၀,၀၀၀/-ကျပ်ထိ တစ်နှစ်တာ ချေးခွင့်ပြုထားသည်။ ကျေးရွာသား အများစုသည် ချေးငွေကို အဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက် များပြားကြောင်းတွေ့ရှိ

ရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲအိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်တစ်သိန်းမှ လေးသိန်းထိရှိကြကြောင်း တွေ့ရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ပျဉ်းမကုန်းကျေးရွာတွင် မူလတန်းပညာကို၆၀ ပေ၊ ၃၀ ပေ၊ ၁၂ ပေ အရွယ်ရှိသွပ်မိုး၊ အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်၊ ပျဉ်းမကုန်းကျေးရွာရှိ စာသင်ကျောင်းကို ၂၀၀၉ ခုနှစ်က ကျေးရွာထည့်ဝင်မှုဖြင့် ဆောက်လုပ်ခဲ့သည်။



ကျောင်းအဆောက်အဦး(၂)လုံးတွင်မူလတန်းအဆင့်ကလေးများသင်ကြားပြီး၊နောက်ကျောင်းဆောင်(၁)ဆောင်တွင်အလယ်တန်းအဆင့်ကလေးများပညာသင်ကြားရာ မလုံလောက်သဖြင့် နောက်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန် လိုလားနေသည်။ ရွာသားအားလုံး၏ ၉၅%မှာရေးတတ်ဖတ်တတ်ကြပါသည်။ ကျောင်းတွင် ကျောင်းဆရာ/မ အင်အား လုံလောက်မှုရှိသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသားများအတွက် ပြဋ္ဌာန်းစာအုပ်များနှင့်လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့သည်။

ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့ကို ၄ မိုင်ခန့်ဝေးသည့် စိန်ပှိုင်းကျေးရွာရှိ ကျေးလက် ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံနှင့် ၇ မိုင်ခန့်ဝေးသည့် ဘိုကလေးဆေးရုံတို့သို့ ရေလမ်းဖြင့် အလွယ်တကူသွားရောက်ကာ ရရှိနိုင်ကြသည်။ ဆေးဆိုင်များမှာ ကျိုက်လတ်မြို့တွင် တည်ရှိပြီး လိုအပ်ပါက အလွယ်တကူ သွားရောက် ဝယ်ယူနိုင်သည်။ ကျေးရွာတွင် ကျေးလက်ဆေးပေးခန်းမရှိသဖြင့် ကျေးရွာအတွက် အရေးပေါ်လိုအပ်ချက်ရှိပါက အဆင်ပြေစေနိုင်ရန် ကျေးလက်ဆေးပေးခန်း တစ်ခုရရှိနိုင်ရေးကို လိုလားနေကြသည်။
သောက်ရေအတွက် ရေကန်မှာ သုံးစွဲကြပြီး လုံလောက်မှုရှိသည်။ တစ်ရွာလုံးနီးပါးယင်လုံအိမ်သာ ဆောက်လုပ် သုံးစွဲကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွါးတတ်သော ရောဂါဖြစ်ပွါးမှုများ နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျ ဆောက်လုပ်ထားပြီး ကျောင်းသူ/သားများအတွက် အသုံးပြုရန် လွယ်ကူသည်။

## (ဆ)လူငယ်နှင့် ယဉ်ကျေးမှု

သူတို့သည် ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေး ပွဲတော်များတွင်လည်း အကများဖြင့် တင်ဆက်ပါဝင်ကြသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ အတွက်မူ မြောင်းတူး၊ လမ်းဖောက်ခြင်းလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှုများရှိသည်။

## (ဇ) အခြေခံ အဆောက်အဦး - လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ရေလမ်းခရီးဖြင့်သာ အသုံးပြုသွားလာကြပါသည်။မြို့နှင့်အလှမ်းဝေးသောနေရာတွင် တည်ရှိခြင်းတို့ကြောင့် သွယ်တန်းအသုံးမပြုနိုင်သေးပါ။ ပျဉ်းမကုန်းကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။

အိမ်တိုင်းနီးပါးမျှ လက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည်



မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက်အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေးအစီအစဉ် သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ရွာသား များသည် မြင်းကကုန်းရှိရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက် နိုင်ပြီးကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်းနည်းပါးသည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေများ**

ပျဉ်းမကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့် ဒေသတွင်တည်ရှိပြီး၊ လမ်းမကြီးပေါ်တွင်တည်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေး အရ အထူးကောင်းမွန်မှုရှိပြီး၊ တစ် နှစ် ပတ်လုံး လွယ်ကူချောမွေ့ စွာသွားလာနိုင်ပေသည်။

အရေးပေါ်လိုအပ်ပါ က ကျိုက်လတ်မြို့ သို့ အလွယ် တကူသွားရောက်ဝယ်ယူ ရရှိနိုင်ပေသည်။

လူဦးရေအားလုံး၏ ၇၀%မှာ အလုပ်လုပ်နိုင်သည့် အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရ အရေအတွက် အသင့်အတင့်ရှိပြီးကျွမ်းကျင်မှုနှင့်သက်မွေးဝမ်းကျောင်းသင်တန်းများကိုလူငယ်များကိုလေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း မြင်းကကုန်းတိုက်နယ်ဆေးရုံ၊ဖျာပုံမြို့ဆေးရုံနှင့် ဘိုကလေးမြို့ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။

ကျေးရွာအတွင်းတွင် ပြင်ပနှင့်ကျေးရွာအတွင်းမှဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ ပြင်ပ ပုဂ္ဂလိ က ငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက် ရန် လွန်စွာအထောက်အပံ့ကောင်းများဖြစ်စေပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှ လည်း စိုက်ပျိုးရေးနှင့်ပတ်သက်သောနည်းပညာပေးစံပြစိုက်ကွက်များလည်းကျေးရွာတွင်စိုက်ပျိုးထားခြင်း သည်လည်း တောင်သူများအတွက် ခေတ်မှီစိုက်ပျိုးနည်း စနစ်များ အား အချိန်နှင့် တစ်ပြေး ညီရရှိစေသည်။

၁၈

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူ ပို့ဆောင်ပြီးရောင်းချနိုင်သည်။ စပါး၊ ငှက်ပျော ၊ကွမ်းနှင့်သရက်တို့ ကိုအဓိကစိုက်ပျိုးကြသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များရှိပြီး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးကိစ္စအဝဝ အား ကူညီ ဆောင်ရွက်မှုများပြုလုပ်ပေးကြသည်။

**(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု**

ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတားစိန်ခေါ်မှု အများအပြား မတွေ့ရှိ ရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အားပြိုင်မှုအချို့ ရှိနေ ကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်း ဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှုအနည်းငယ်အားနည်းကြောင်းတွေ့ရှိရသည်။

စိုက်ပျိုးမြေတိုးချဲ့ နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ သီးနှံ ပိုးမွှားကျရောက်မှုနှင့် ပတ်သက်ပြီး ယခုနှစ်ပိုင်းတွင် ပိုမိုကျရောက်လာကြောင်းသိရှိရသည်။ သို့သော်ထိခိုက် ပျက်စီး ဆုံးရှုံးမှုအထိ မရှိပေ။

ကျေးရွာတွင်မူလတန်းလွန်ကျောင်းသာတည်ရှိပြီး၊ စာသင်ကျောင်းဆောင်မှာအရည်အသွေးအပိုင်း တွင် အားနည်းမှုရှိပေသည်။ အထက်တန်းပညာရေးများအတွက် အောက်လှည့်ဆိပ် ကျေးရွာ

နှင့်ကျိုက်လတ်မြို့နှင့်ဘိုကလေးမြို့တွင် သွားရောက်သင်ယူကြသည်။ ကျေးလက်ကျန်းမာရေးဌာနနှင့် ဆေးပေးခန်းမရှိသောကြောင့် အရေးပေါ်ကိစ္စရပ်များတွင် အခြားဒေသသို့ (မြင်းကကုန်းတိုက်နယ်ဆေးရုံ၊ ဖျာပုံဆေးရုံနှင့် ဘိုကလေးဆေးရုံများသို့) သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။

**၆။ ပန်းတိုင်နှင့် မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှအဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့်ငါးနှစ်တာကာလအ



တွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် စိုက်ပျိုးထုတ်ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ ကျေးရွာတွင်းလမ်းနှင့်ရွာချင်းဆက်လမ်းများပိုမိုလာအောင်ဖန်တီးခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း၊ သက်မွေးပညာပေးသင်တန်းများရရှိခြင်းမှတဆင့်ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွါးရေးအနေအထားကို တိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့်ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်း လာစေရမည်။

က.၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့် စီးပွါးရေးအုပ်စုများ ဖွဲ့စည်းပြီး ကျေးရွာအခြေပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာရမည်။

က.၄ ) ကျွန်ုပ်တို့ ရွာလူထုသည် ကျေးလက်ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှုများ တိုးတက်ကောင်းမွန် လာအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာသူ၊သားများလူနေမှုဘဝတိုးတက် ကောင်းမွန်လာ စေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

ခ.၁) ကျေးရွာတွင်အရင်းအနှီးချေးငွေ၊လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာအသုံးချနိုင်စွမ်း ရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစား ငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်း သက်သာစွာ

ဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။

ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သောသင်တန်းသားများကိုရွေးချယ် စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက်ကျွမ်းကျင်မှုများကို တိုးပွါးရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အထောက်အကူပြုပေမည်။



ခ.၃) ကျေးရွာတွင် စံချိန်မီ သောစာသင်ကျောင်းဆောင်တစ်ဆောင်နှင့် ပရိဘောဂအသုံး အဆောင် ပစ္စည်းများအလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။ လိုအပ်ပါက အလယ်တန်း၊ အထက်တန်း အဆင့် ကျောင်းများအထိ ရရှိအောင်တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်၊၊ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာ အခြေပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှု စွမ်းရည်များပိုမိုရရှိအောင်ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

ခ.၅) ကျေးရွာတွင်ကျန်းမာရေးဆေးပေးခန်းရရှိအောင်ဆောင်ရွက်ခြင်း၊ ကျေးလက်ကျန်းမာရေး ဝန်ထမ်း များရရှိအောင်ဆောင်ရွက်ခြင်းဖြင့် ကျေးရွာနေပြည်သူများ ကျန်းမာပျော်ရွှင် သောမိသားစုဘဝများကိုပိုင်ဆိုင်လာနိုင်ပေမည်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များများရရှိအောင်လည်းလုပ်ဆောင်သွားမည်ဖြစ်သည်။နှင့် ဗဟိုအဆင့်မူဝါဒများ အကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာ အကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများ အနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

**(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း**

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်တော် တို့ ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့်

ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလ အတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ် ပမာဏပါဝင်သည့် နှစ်ပါတ်လည် ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

**(ခ) စံချိန်မီစာသင်ကျောင်းဆောင်နှင့် ကျန်းမာရေးဆေးပေးဌာနဆောက်လုပ်ခြင်း**

ကျေးရွာစာသင်ကျောင်းဆောင်များမှာအနည်းငယ်ဟောင်းနွမ်းနေပြီး၊ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့သဖြင့်အရည်အသွေးပိုင်းတွင်အားနည်းမှုရှိသောကြောင့်စံချိန်မီသောစာသင်ကျောင်း ဆောင်တစ်ဆောင်နှင့်အားကစားပစ္စည်းအချို့ အား သက်ဆိုင်ရာအစိုးရ ဌာနများ ဖြစ်သော



ပညာရေးဝန်ကြီးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့မှ တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။ ထိုအပြင် ကျန်းမာရေးနှင့်ပတ်သက်ပြီး၊ ကျေးလက်ကျန်းမာရေးဆေးပေးခန်း မှာကျေးရွာတွင် မရှိပေ။ အရေးပေါ်ဆေးကုသမှုပြုလုပ်ရန်နှင့် သန်းခေါင်ရဲ အချိန်များတွင်ကျန်းမာရေး နှင့် ပတ်သက်သောအန္တရာယ်ကြုံတွေ့ရသောကြောင့် ကျန်းမာရေးဆေးပေးခန်းလိုအပ်ပေသည်။ ထို့ ကြောင့် သက်ဆိုင်ရာအစိုးရဌာနများဖြစ်သော ကျန်းမာရေးဦးစီးဌာနနှင့် ကျေးလက် ဦးစီး ဌာနတို့မှ ကျေးလက်ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်းတို့ အားရရှိအောင် ဆောင် ရွက် ပေးသင့်ပေသည်။

**(ဂ) ကျေးရွာတွင်းလမ်းနှင့် ကျေးရွာချင်းဆက်လမ်းအဆင့်မြှင့်ပြုပြင်ခြင်း**

ကျေးရွာတွင်းလမ်းနှင့် ရွာချင်းဆက်လမ်းမှာအနည်းငယ်ကောင်းမွန်မှုမရှိဘဲ၊ မြေသားလမ်းသာ ဖြစ် နေပါသည်။ ကျေးရွာတွင်လည်း ကိုယ်ထူကိုယ် ထမီးရရှိအောင်ဆောင်ရွက်ထားကြသဖြင့် လမ်း အ ဆင့်မြပြုပြင်ရန်ငွေကြေးထည့်ဝင်မှုမပြုလုပ်နိုင်တော့ပေ။ ထို့ကြောင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေး မှု နှင့်အတူ ကျေးလက်ဦးစီးဌာနမှ ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများအား အဆင့်မြင့် ပြု ပြင် ပေး သင့်ပါသည်။ကျေးရွာချင်းဆက်လမ်းပိုမိုကောင်းမွန်လာခြင်းဖြင့်လည်း တစ်ရွာနှင့် တစ်ရွာ ကုန် စည်ကူးသန်းရောင်းဝယ်မှုပိုမိုမြန်ဆန်လာနိုင်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှုအားလွန်စွာအထောက် အကူ ပြု နိုင်ပေမည်။

**(ဃ) စိုက်ပျိုးရေးလယ်ယာသုံးကိရိယာများစနစ်တကျငှားရမ်းအသုံးပြုနိုင်ရေး**

ဘိုကလေးမြို့နယ်၊ပျဉ်းမကုန်းကျေးရွာသည်စိုက်ပျိုးရေးကောင်းစွာဖြစ်ထွန်းသောကျေးရွာတစ်ရွာဖြ စ်ပြီး၊တစ်နှစ်ပတ်လုံးစိုက်ပျိုးရရှိနိုင်ကြပေသည်။ သို့သော်လယ်ယာလုပ်သားရှားပါးလာမှုနှင့် အတူ၊ ရာသီဥတုဖောက်ပြန် လာ မှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင် အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးရေးဦးစီးဌာနနှင့် အတူသက်ဆိုင်ရာ ဌာနများ ဖြစ်ကြသောစက်မှုလယ်ယာဦး စီးဌာန နှင့် ကျေး လက်ဦးဌာနများမှ ပြင်ပလယ်ယာသုံးပစ္စည်းကိရိယာရောင်းချသော ကုမ္ပဏီများနှင့် ချိတ် ဆက် ပေး သင့်ပါသည်။

ထို့အပြင်အရစ်ကျစနစ်ဖြင့်ရောင်းချမှုများ၊ အတိုးနှုန်းသက်သာစွာဖြင့် ငွေရမ်းသုံးစွဲနိုင်ရေးများကိုလည်းဆောင်ရွက်ပေးသင့်ပေသည်။

**(င) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ဘိုကလေးမြို့နယ်၊ပျဉ်းမကုန်းကျေးရွာတွင်ပညာမတတ်သောလူငယ်အချို့မှာ မိမိဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော လုပ်ငန်းများပေါ်တွင် အာရုံစိုက်မှုနည်းပြီး၊ ဂိမ်းကစားခြင်း၊လက်ဖက်ရည်ဆိုင်ထိုင်ခြင်းများဖြင့် အချိန်ကုန်ဆုံးနေတတ်ပါသည်။ ထိုနည်းတူစွာပင်၊ လက်လုပ်လက်စားကျပန်းများမှာလည်း လုပ်ငန်း အတည်တကျမရှိဘဲ၊ ရာသီပေါ်သီးနှံများပေါ်တွင်သာကျပမ်းအဖြစ်လုပ်ကိုင်စားသောက်နေကြရသည်။ ထိုသူများအတွက်၊ သင့်တော်သော



အသက်မွေးဝမ်းကြောင်းဆိုင်ရာ အတတ်ပညာများ ရရှိအောင် ကျေးလက်ဦးစီးဌာနမှ သက်ဆိုင်ရာပြင်ပအဖွဲ့များနှင့်ချိတ်ဆက်ပြီး ကူညီဆောင်ရွက် သင့် ပေ သည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့် စီမံချက်များသည် ငါးနှစ်တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှု ဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက ငါးနှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ်၊ ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှ ပြည့်စုံမှုမရှိနိုင်ပါ ။ ဤသည်မှာ ကျေးရွာလူထုသည်နှစ်နှစ်၊ သုံးနှစ်တာကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း ငါးနှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။ သို့ပါသောကြောင့်ရေးဆွဲထားသည့် ငါးနှစ်တာစီမံချက်သည် ပြင်းထန်သောသဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါကအနည်းနှင့် အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ် တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် ငါးနှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ)ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စီစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)ဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဘွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic classification)သည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွါးရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။ *လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း(Functional classification)*—ဝန်ကြီးဌာနများ၊ ဦးစီးဌာနများက ယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်



ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

*ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)* တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာ အထောက်အပံ့ တို့ ပါဝင်သည်။

### (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကို ဇယားဖြင့်ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။ တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် အခြားအေဂျင်စီများထံမှ နည်းပညာ အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

J9

# ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစား ပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| ***ကျေးရွာအဆောက်အအုံ*** | | | | | |
| | ၁။ လမ်းပန်းဆက်သွယ်သွယ်ရေးတို းတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း | ၉၅ | ၁ | – ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (၁၆၀၀' x ၆' x၅" ) | ကျေးလက် ဦးစီး |
| ***ပညာရေး*** | | | | | |
| စာသင်ကျောင်း | ၂။ ကလေးပျော်၍ ဘက်စုံ တော်စေ သည့် ကျောင်း အဖြစ် ဖန်တီး တည် ဆောက်ခြင်း၊ | ၇၅ | ၂ | – ပုံစံဝင်သောကျောင်းဆောင် ဆောက်လုပ်ခြင်း၊ | |
| ***စိုက်ပျိုးရေး*** | | | | | |
| | ၃။ စိုက်ပျိုးရေးလုပ်ငန်းများမှ ဝင်ငွေတိုးတက်ရရှိရေး။ | ၇၀ | ၃ | - စိုက်ပျိုးရေးချေးငွေများလုံ လောက်စွာရရှိနိုင်ရေး။<br>- လယ်ယာသုံးစက်ကိရိယာ များဈေးနှုန်းသက် သာစွာဖြင့်ငှားရမ်းအသုံးပြုနိုင်ရေး။ | – |
| **ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှု လုပ်ငန်း** | | | | | |
| ချေးငွေ | ၄။ ဘဏ်များ၊ | ၆၈ | ၄ | –ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ပြင်ပ ငွေကြေး | |

| | | | | |
|---|---|---|---|---|
| | ငွေကြေးဝန်ဆောင်မှု အဖွဲ့များနှင့် ချိတ်ဆက်ဆောင်ရွက် နိုင်ရန် စီစဉ်ခြင်း၊ | | | အဖွဲ့အစည်းများနှင့်အကျိုးတူ စီးပွား ရေး လုပ် ငန်းများ လုပ်ကိုင် နိုင်ရန် ဆောင်ရွက်ခြင်း။<br>- ပြင်ပအဖွဲ့အစည်းများမှအတိုးနှုန်းသက်သာသော အ ရင်းအနှီးဆိုင်ရာချေးငွေများရရှိရန်ဆောင်ရွက်ခြင်း။ |
| *ကျန်းမာရေး* | | | | |
| | ၅။ ထိရောက်သည့် ကျန်းမာရေး ဝန် ဆောင်မှုရရှိရန် ဆောင် ရွက်ခြင်း | ၆၅ | ၅ | - ကျေးလက်ကျန်းမာရေး ဆိုင်ရာ အဆောက် အဦ ဆောက်လုပ်ခြင်း။<br>- အသုံးအဆောင် နှင့် ဝန် ထမ်း ဖွဲ့စည်းပုံအတိုင်း ရရှိအောင် တောင်းဆိုခြင်း၊ |
| *လူငယ်ဖွံ့ဖြိုးရေး* | | | | |
| | ၆။သက်မွေးဝမ်းကျောင်းနည်းပ ညာသင်တန်းများ ပို့ချပေးခြင်း၊ | ၅၂ | ၆ | - အလုပ်အကိုင် အခွင့်အလမ်း ဖန်တီး ပေးခြင်း။ |
| **စီမံအုပ်ချုပ်မှု စနစ်** | | | | – |
| | ၇။ ကျေးရွာအဖွဲ့အစည်းများစွမ်းရည် မြှင့်အစီအစဉ်များလုပ်ဆောင်ခြင်း | ၅၀ | ၇ | - ခေါင်းဆောင်မှုစွမ်းရည် မြှင့်တင်ခြင်းသင်တန်း<br>- ငွေစာရင်းသင်တန်း<br>- အဖွဲ့အစည်းဆိုင်ရာသ ဘောတရားရေးရာသင် တန်း |
| *မွေးမြူရေး* | | | | |
| | ၈။ မွေးမြူရေးဆိုင်ရာ | ၂၃ | ၈ | –မွေးမြူရေးချေးငွေများပိုမိုရရှိရန်ဆောင်ရွက်ခြင်း။ |

| | |
|---|---|
| ဝန်ဆောင်မှုများရရှိရန်ဆောင်ရွက်ခြင်း | –ခေတ်မီမွေးမြူရေးစနစ် များ လက်တွေ့ဆောင်ရွက်ခြင်း၊<br>- မွေးမြူရေးနည်းပညာသင်တန်းများ ပို့ချပေးခြင်း၊ |

**(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ**

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့်ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ ကျေးရွာတွင်းလမ်းအား အဆင့်မြှင့်တင်ခြင်း | ၁ | ✔ | ✔ | ✔ | ✔ | ✔ |
| ၂။သောက်ရေကန်ခြံစည်းရိုးကာရံခြင်းနှင့်ရေကန် အသစ် တူးဖော်ခြင်း | ၂ | ✔ | ✔ | ✔ | | |
| ၃။ အတိုးနှုန်းသက်သာပြီးကာလရှည်ချေးငွေများ ရရှိရေး | ၃ | ✔ | ✔ | ✔ | | |
| ၄။ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | ၄ | ✔ | ✔ | ✔ | ✔ | ✔ |
| ၅။ ကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်း | ၅ | ✔ | ✔ | ✔ | ✔ | |
| ၆။ ောက်ရေကန်နှင့်ရေကြောင်းခရီးသွားလာ ရေး အတွက်ကျေးရွာဆိပ်ခံတံတား တည်ဆောက်ခြင်း | ၆ | ✔ | ✔ | ✔ | | |
| ၇။လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေးရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်လာစေရေး | ၇ | ✔ | ✔ | ✔ | | |
| ၈။ မွေးမြူရေးနှင့်ရေလုပ်ငန်းတိုးတက်လာစေရေး | ၈ | ✔ | ✔ | ✔ | ✔ | ✔ |
| ၉။ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | ၉ | ✔ | ✔ | ✔ | ✔ | |
| ၁၀။ကျေးလက်ကျန်းမာရေးဌာနဆောက်လုပ်ခြင်း | ၁၀ | ✔ | ✔ | ✔ | ✔ | |
| ၁၁။ဈေးကွက်လမ်း လှမ်းမီရန်နှင့်ဈေးကွက် အသစ်များ ဖော်ဆောင်ရေး | ၁၁ | ✔ | ✔ | ✔ | | |
| ၁၂။ကျေးရွာတွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက် လာစေရေး(ဘောလုံးကွင်း၊ဘောလီဘောကွင်း) | ၁၂ | ✔ | ✔ | ✔ | | |
| ၁၃။ကျေးရွာလျှပ်မီးရရှိရေး | ၁၃ | ✔ | ✔ | ✔ | ✔ | ✔ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သောဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မီတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများထံမှ ဘတ်ဂျက် အပါအဝင်စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသောရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန် စသည်)

### စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းအားအဆင့်မြှင့်တင်ခြင်း | | | √ | | |
| ၂ | သောက်ရေကန်ခြံစည်းရိုးကာရံခြင်းနှင့်ရေကန် အသစ် တူးဖော်ခြင်း | | | √ | | |
| ၃ | အတိုးနှုန်းသက်သာပြီးကာလရှည်ချေးငွေများ ရရှိရေး | | | √ | | |
| ၄ | ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ခြင်း | | | √ | | |
| ၅ | ကျေးရွာချင်းဆက်တံတားတည်ဆောက်ခြင်း | | | √ | | |
| ၆ | ောက်ရေကန်နှင့်ရေကြောင်းခရီးသွား | | | √ | | |

| | | | | | | |
|---|---|---|---|---|---|---|
| | လာ ရေး<br>အတွက်ကျေးရွာဆိပ်ခံတံတား<br>တည်ဆောက်ခြင်း | | | | | |
| ၇ | လူငယ်များစွမ်းဆောင်ရည်မြှင့်တင်ပေ<br>းရေးနှင့်အလုပ်<br>အကိုင်အခွင့်အလမ်းများတိုးတက်လာ<br>စေရေး | | | | √ | |
| ၈ | မွေးမြူရေးနှင့်ရေလုပ်ငန်းတိုးတက်လ<br>ာစေရေး | | | | √ | |
| ၉ | ကျေးလက်ကျန်းမာရေးဌာနဆောက်<br>လုပ်ခြင်း | | | √ | | |
| ၁၀ | ကျေးလက်ကျန်းမာရေးဌာနဆောက်<br>လုပ်ခြင်း | | | √ | | |
| ၁၁ | ဈေးကွက်လမ်း လှမ်းမီရန်နှင့်<br>ဈေးကွက် အသစ်များ ဖော်ဆောင်ရေး | | | | √ | |
| ၁၂ | ကျေးရွာတွင် အားကစားကဏ္ဍဖွံ့ဖြိုး<br>တိုးတက် လာ စေရေး<br>(ဘောလုံးကွင်း၊ဘောလီဘောကွင်း) | | | √ | | |
| ၁၃ | ကျေးရွာလျှပ်မီးရရှိရေး | | | √ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာကျေးရွာတွင်တာဝန်ရှိပါသည်။

### (၁၀-၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကိုအထိရောက် ဆုံးအကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍

လယ်သမားအဖွဲ့ကကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

**(၁၀-၂) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း**

